# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ၁၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁-၁၀-၂၀၁၃ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **ရွာပုန်းကရင် တိုင်းရင်းသားများအားအထူးအစီအစဉ်ဖြင့် သန်းခေါင်စာရင်း ကောက်ခံခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်း၊ စားနပ်ရိက္ခာ၊ လူသုံး ပစ္စည်း ထောက်ပံ့ခြင်း၊ လမ်းပန်း အဆက်အသွယ်၊ ဆေးခန်း၊ စာသင်ကျောင်းနှင့် ရေရှည်စားဝတ်နေရေးအတွက် စီမံပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးခုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **နိုစုံဘော်တိုက်နယ်ဆေးရုံ ယိုယွင်းပျက်စီးနေသော အဆောက်အဦအား လာမည့်ဘဏ္ဍာရေးနှစ် (၂၀၁၄-၂၀၁၅)ခုနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့နယ်တွင် ယစ်မျိုးလိုင်စင် ပိတ်သိမ်းရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဇယား(၂) တိုင်းဒေသကြီး(သို့)ပြည်နယ် ဥပဒေပြု စာရင်းအပိုဒ်(၁) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ ခေါင်းစဉ်အောက်ရှိ အပိုဒ်ခွဲ(ဃ)ပါ ယစ်မျိုးခွန်ကို ထန်တလန်မြို့နယ်တွင် ပိတ်သိမ်းနိုင်ရေး လိုအပ်သော ဥပဒေကို ထုတ်ပြန်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ **လွိုင်လင်၊ ပင်လုံ၊ မိုင်းပွန်၊ နမ့်စမ်ဒေသများသို့ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် သိမ်းဆည်းခဲ့သော နိုင်ငံအဝှမ်းလိုင်စင်ဖြင့် ကိုင်ဆောင်ခဲ့သော သေနတ်များအား မူလပိုင်ရှင်များ သို့မဟုတ် အမွေဆက်ခံခွင့် ရှိသူများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးတင်မောင်၊ ချမ်းမြသာစည် မဲဆန္ဒနယ်၏ **ကျွဲ၊ နွားနှင့် ဆိတ်တို့အား တရားမဝင် ပြည်ပသို့ တင်ပို့ရောင်းချနေခြင်းကို တားမြစ်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **“ ကလေးသူငယ် ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၉/၉၃)ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံ ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၇။ **“ ကလေးသူငယ် ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၉/၉၃) ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။